## (၆–၇) သာသနာပြု စစ်ပွဲများ (ကရူးဆိတ်)

ကရူးဆိတ်စစ်ပွဲများမှာ ခရစ်ယာန် သူရဲကောင်းများက ခရစ်ယာန် သာသနာအား ကာကွယ်ရန်နှင့် ခရစ်ယာန်တို့၏ နယ်မြေများကို ချဲ့ထွင်ရန် အတွက် စစ်ရေးပဋိပက္ခများ အတွဲလိုက်ဆက်တိုက်ဆောင်ရွက်ခြင်းတို့ ဖြစ်ပေသည်။ ယေဘုယျ အားဖြင့် ခရူးဆိတ်ဆိုသည်မှာ ပုပ်ရဟန်းမင်းများမှ ထောက်ပံ့လှုံ့ဆော်ခြင်းဖြင့် မူဆလင်များအား မြင့်မြတ် သောမြေ (ဂျေရုဆလင်)မှ မောင်းထုတ်ရန် စစ်ရေးဆင်နွှဲမှုများဟု ကိုယ်စားပြုပေသည်။ အခြားဒေသများ ဖြစ်သော စပိန်တောင်ပိုင်း၊ အီတလီတောင်ပိုင်းနှင့် စစ်စလီကျွန်းမှ အစ္စလာမ် တပ်မတော် များကို ဆန့်ကျင်ရန်လည်း ကရူးဆိတ် ဆင်နွှဲခဲ့ပေသည်။ ကျူတိုနစ် Teutonic သူရဲကောင်းများက ဥရောပ အရှေ့ပိုင်း ရှေ့ဟောင်း လူမျိုးများကို ဆန့်ကျင် တိုက်ခိုက်ခြင်းသည်လည်း ကရူးဆိတ် စာရင်းထဲတွင် ပါဝင်ပေသည် (Northern Crusades မြောက်ပိုင်း ခရူးဆိတ်များကို ကြည့်ပါ။) စတုတ္ထ ကရူးဆိတ်ကဲ့သို့ ကရူးဆိတ် စစ်ပွဲ အနည်းငယ်မှာ ခရစ်ယာန်များ အချင်းချင်း အတွင်း မိစ္ဆာဒိဋ္ဌိများ၊  ဂိုဏ်းကွဲများအဖြစ် စွပ်စွဲခံရသော အုပ်စု များကို တိုက်ခိုက်သော စစ်ပွဲများ ဖြစ်ခဲ့ပေသည်။ (Battle of the Ice နှင့် Albigensian Crusade များကို ကြည့်ပါ။)



**ပိတ်ဆီးနေသော ကရူးဆိတ်ဒါ (သာသနာပြုစစ်သည်) များ၏ တံတိုင်းအနီ ကာ့ခ်ဒီ ချာဗာလီယားစ် နံရံပေါ်မှ မြင်ကွင်း**

အေဒီ ၇ ရာစုနှင့် ၈ ရာစု အစ္စလာမ်များ မအောင်မြင်အချိန် အထိ မြင့်မြတ်သောမြေ (ဂျေရုဆလင်) သည် ရောမ အင်ပါယာနှင့် ဘိုင်ဇန်တိုင် အင်ပါယာတို့၏ အစိတ်အပိုင်းများ ဖြစ်ခဲ့ပေသည်။ ထို့နောက်ပိုင်းတွင် ခရစ်ယာန်များသည် မြင့်မြတ်ရာမြေမှ နေရာတော်မြတ်သို့ လည်ပတ်ရန် ဆီလ်ဂျုက် တာ့က် (လူမျိုး) များက ခရစ်ယာန် ဘုရားဖူးများအား ပိတ်ပင်လိုက်ပြီး ဘိုင်ဇန်တိုင်တို့အား မင်ဇီကတ်စစ်ပွဲတွင် နှိမ်နင်းလျှက် ပြင်းပြင်း ထန်ထန် ထိုးနှက် လိုက်သော အေဒီ ၁၀၇၁ အထိ ယေဘုယျအားဖြင့် ခွင့်ပြုချက် ရှိခဲ့ပေသည်။ ကေရာဇ် အလက်စ်ဇီးယာ့စ် Alexius I သည် အစ္စလာမ်များ၏ ကျူးကျော်မှုအား ဆန့်ကျင်ရေး အကူအညီအတွက် ပုပ်ရဟန်းမင်း အာဘန် ၂ (အေဒီ ၁၀၈၈–၁၀၉၉) ထံမှ အကူအညီ တောင်းခံခဲ့ပေသည်။ သူ့အနေဖြင့် ကြေးစား စစ်သားများ ငှားရန် ပုပ်ရဟန်းမင်းထံမှ ငွေကြေး အကူအညီကိုသာ မျှော်လင့်ခဲ့ ပေသည်။ သို့သော် ပုပ် အာဘန် (၂)က ခရစ်ယာန် ဒေသတွင်းမှ သူရဲကောင်းများအား ဆင့်ခေါ်လျှက် မြင့်မြတ်သောမြေမှ မိစ္ဆာဒိဋ္ဌိများကို စစ်ဆင်ချေမှုန်းခြင်းတည်း ဟူသည့် ဘုရားဖူးခြင်းကို ပြုကြရန် အေဒီ ၁၀၉၅ နိုဝင်ဘာ ၂၇ ရက်နေ့ ကျင်းပသော ကလာမ်မောင့်တ် လူထု အစည်းအဝေးကြီး Council of Clermont ၌ ဟောပြော စည်းရုံးခဲ့ပေသည်။

ပထမ ကရူးဆိတ်က အေဒီ ၁၀၉၉ တွင် အန္တိအုတ်အား သိမ်းရပြီး နောက်ပိုင်းတွင် ဂျေရုဆလင်းကို သိမ်းပိုက်ခဲ့ ပေသည်။ ဒုတိယ ကရူးဆိတ်မှာ အဒက်ဆာ Edessa အား အစ္စလမ်စစ်တပ်က ဖမ်းဆီးခေါ်ဆောင်သွားသော အေဒီ ၁၁၄၅ တွင် ဖြစ်ပွားခဲ့ပေသည်။ ဂျေရုဆလင်အား အေဒီ ၁၁၈၇၊ တတိယ ကရူးဆိတ် အထိ လက်ကိုင် တွယ်ထား နိုင်ခဲ့သည်။ တတိယကရူးဆိတ်သည် ရစ်ချက်ဒ် သည် လီယွန်ဟတ် Richard the Lionheart နှင့် ဆလာအွန်ဒင် Saladin တို့၏ စစ်ပွဲများမှာ ထင်ရှားပေသည်။ အေဒီ ၁၂၀၂ ခုနှစ်တွင် မြင့်မြတ်သောမြေအား ပြန်လည် ရယူရန် ရည်သန်လျှက် ပုပ်ရဟန်းမင်း အင်နိုးဆင့် (၃)က စတုတ္ထ ကရူးဆိတ်ကို စတင်ခဲ့ပေသည်။ သို့သော် မကြာမီတွင်ပင် ဗင်းနစ်တင်းများ၏ ဝင်နှောက်ခြင်းကို ခံခဲ့ရပေသည်။ ၎င်းတို့က ခရစ်ယာန် မြို့ဖြစ်သော ဇာရာ အား သိမ်းပိုက်ဖျက်ဆီးရန် တပ်များကို သုံးခဲ့ပေသည်။ အင်နိုး

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ဆင့်သည် ဗင်းနစ်တင်းများနှင့် ကရူးဆိတ် ဆင်နွဲသူများကို အသင်းမှ ထုတ်ပါယ်လိုက်ပေသည် (အဆက်အသွယ် ဖြတ်ခဲ့ပေသည်)။ တရွေ့ရွေ့နှင့် ကရူးဆိတ် ဆင်နွဲသူများမှာ ကွန်စတန်တီနိုဘဲလ်သို့ ရောက်လာခဲ့သော်လည်း၊ မြင့်မြတ်သောမြေအား ချိတက် ရမည့်အစား သူတို့ချင်းနှင့် ဘိုင်ဇန်တိုင်များ အကြား တိုက်ခိုက်မှုမှာ မြင့်တက်သွားခဲ့ပေသည်။ ကရူးဆိတ် ဆင်နွဲသူများသည် ကွန်စတန်တီနိုဘဲလ်နှင့် အေရှားမိုင်းနား ဒေသများသို့ သိမ်းပိုက် ဖျက်ဆီးကြ၍ ဂရိနှင့် အေရှ မိုင်းနားတွင် ကွန်စတန် တီနိုဘဲလ် လက်တင် အင်ပါယာကို တည်ထောင်ရန် အားစိုက်ခဲ့ပေသည်။ ဤသည် ပုပ်ရဟန်းများက ထောက်ပံ့အားပေးသော နောက်ဆုံးပိတ် ကရူးဆိတ်ပင် ဖြစ်၍။ နောက်ပိုင်း ကရူးဆိတ်များအား တစ်သီးပုဂ္ဂလများက ထောက်ပံ့ပေးခဲ့ပေသည်။ ထို့ကြောင့် ဂျေရုဆလင်အား ရာစု တစ်စုနီးပါး လက်ကိုင် ထား နိုင်ခဲ့၍ အခြားသော အနီးအနားမှ အရှေ့ဘက်မှ ဒေသများအား ခရစ်ယာန်များ၏ ပိုင်ဆိုင်မှုအောက်၌ ကာလ ရှည်ပို၍ ရှည်စွာ ထားနိုင်ခဲ့သော်လည်း ကရူးဆိတ်များအတွင်း မြင့်မြတ်သော မြေ၌ ခိုင်မာသော ခရစ်ယာန် နိုင်ငံတော် အဖြစ် တည်ဆောက်နိုင်မှုမှ လုံးဝ ကျဆုံးခဲ့ပေသည်။ ဥရောပအတွင်းသို့ အစ္စလာမ်များ၏ ဖြန့် ကျက်မှုမှာ ပြန်လည် သစ်ဆန်းလာလျှက် ရာစုနှစ်များများကပင် ခြိမ်းခြောက်မှုတစ်ခု အဖြစ်တည်ရှိနေကာ၊ အေဒီ ၁၆ ရာစုတွင်းမှ ထည်ဝါသော ဆိုလိုင်မံ၏ ဝါဒပြန့်ချီမှု Suleiman the Magnificent မှာ အထွဋ်အထိပ်သို့ ရောက်ရှိခဲ့ပေသည်။ အခြားတစ်ဘက်တွင် ကရူးဆိတ်များမှာ စပိန်တောင်ပိုင်း၊ အီတလီ တောင်ပိုင်းနှင့် စစ်စလီကျွန်းများ၌ အစ္စလာမ်များ၏ ဒေသတွင်း ဩဇာအာဏာများ မှေးမှိန်သွားစေရန် ဦးတည်ခဲ့ပေသည်။ ကျူးတိုးနစ်ခ် သူရဲကောင်းများသည် အရှေ့ ဥရောပသို့ ခရစ်ယာန်နယ် ပိုင်ဆိုင်မှုများ ချဲ့ထွင်ခဲ့၍ အနည်းနှင့် အများ ဩဝါဒဆိုင်ရာ တစ်သွေးတစ်သံတမိန့် စောင့်ထိန်းထားနိုင်သော ပန်းတိုင်အား ရောက်ရှိရန် **အယ်လ်ဂျင် ရှင်း** ကရူးဆိတ် ကဲ့သို့သော ခရစ်ယာန်များအတွင်း အချင်းချင်း ကရူးဆိတ်များ ဖြစ်ခဲ့ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com